

# ဆေးသုတေသနသတင်းလွှာ


ဆေးသုမိသားစု

အတွဲ ၃၊ အမှတ် ၁ ပန်းစံပယ်စာစောင် ဇွန်လ ၂၀၁၃


*"ပြည်သူ့အားလုံးကျန်းမာရေး၊ သုတေသနဦးစားပေး "*

## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ဇွန်လ ၁၀ရက် နံနက်ရနာရီခွဲတွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှေ့မျက်နှာစာ၌ ကျင်းပပါသည်။ ရှေးဦးစွာ ရွှေရတုအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ ဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နှစ်(၅၀)ပြည့်အထိမ်းအမှတ် စကျင်ကျောက်တိုင်ကို နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးခင်နှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) တည်ထောင်သူနှင့် ပထမဦးဆုံးညွှန်ကြားရေးဝန်ဖြစ်သူဒေါက်တာဦးမြတူတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးနှင့် ဂုဏ်ထူးဆောင် ဆေးသုတေသနပညာရှင်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပါသည်။














ထို့နောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်နှင့် ဧည့်သည်တော်များမှ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။










ယင်းနောက် ဗဟိုဇီဝစာကြည့်တိုက်ခန်းမတွင် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးပါမောက္ခဒေါက်တာဖေသက်ခင်မှ အမှာစကားပြောကြားရာတွင် ၁၉၆၃ခုနှစ်၊ ဇွန်လ ၁၀ရက်နေ့တွင် မြန်မာနိုင်ငံဆေးသုတေသနအဖြစ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ နှစ် (၅၀)ကာလအတွင်း အောင်မြင်မှုများအနေဖြင့်–

– ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်၊ စံညွှန်းများနှင့်အညီ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ခြင်း၊

– ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (WHO Collaborating Center for Research and Training on Malaria) အဖြစ် အသိမှတ်ပြုခြင်း၊

– ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ နှစ်ပေါင်း(၃၀)ကျော်ကြာမြွေကိုက်သုတေသနရလဒ်များကို အများပြည်သူသိရှိနိုင်စေရန် သတင်းစာများ၊ ရုပ်မြင်သံကြားနှင့်မီဒီယာအသီးသီးမှ ပညာပေးတင်ပြနိုင်ပြီး ကြက်ဥအနှစ်မှ မြွေပွေးဆိပ်ဖြေဆေးရယူထုတ်လုပ်ခြင်းသုတေသနကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်း၊

– တိုင်းရင်းဆေးဝါးများနှင့်စပ်လျဉ်းသော သုတေသနအမြောက်အမြားကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီး သုတေသနရလဒ်အချို့ကို စက်မှုဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနများသို့ နည်းပညာများ လွှဲပြောင်းပေးနိုင်ခဲ့ခြင်း၊
– ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ Ethical Review Committee သည် နိုင်ငံတကာဆေးသုတေသန ကျင့်ဝတ်ထိန်းသိမ်းမှုနယ်တွင် ရင်ဘောင်တန်းဝင်အဆင့်တစ်ခုကိုရရှိခဲ့ခြင်း အစရှိသည့် အောင်မြင်မှုမှတ်တိုင်များစွာကိုစိုက်ထူနိုင်ခဲ့ကြောင်းပြောကြားခဲ့ပါသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဆေးသုတေသနသမိုင်းကြောင်းကိုသိရှိ၍ အဆင့်ဆင့်တိုးတက်စေရန် ဆောင်ရွက်လာခဲ့ပုံများကို နောင်လာနောက်သားများသင်ခန်းစာအဖြစ် နမူနာယူနိုင်ရန်နှင့် ဆေးသုတေသနအငွေ့အသက်၊ အစဉ်အလာအမြဲရှင်သန်၍ ပြည်သူ့အကျိုးပြု ဆေးသုတေသနလုပ်ငန်းဆောင်ရွက်လိုစိတ်များ နိုးကြားတက်ကြွနေစေရန် ရည်ရွယ်ချက်များဖြင့် ယခု အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးတို့၏ ကျန်းမာမှုဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ခေတ်မီဆေးပညာရပ်နှင့် အခြား ဆက်စပ်လျက်ရှိသောပညာရပ်များအတွက် သုတေသနလုပ်ငန်းဖြင့်ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ဆေးပညာရပ်နှင့် အခြားဆက်နွှယ်နေသည့် ပညာရပ်များတွင် ခေတ်မီသုတေသနလုပ်ငန်းများကို လုပ်ကိုင်နေကြသော အဖွဲ့အစည်းလူပုဂ္ဂိုလ်များတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်လည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အဆင့်မြင့်ဆေးသုတေသနစီမံချက်များလုပ်ဆောင်နိုင်ရန် လိုအပ်သော ပံ့ပိုးကူညီမှုများကို အစဉ်တစိုက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း နှစ်ကာလကြာမြင့်အောင် အခြားသောညီနောင်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် နောင်လာမည့်နှစ်ကာလများတွင်လည်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အနေဖြင့် ပိုမိုထိရောက်သော တိုင်းကျိုးပြည်ပြုသုတေသနအောင်မြင်မှုများနှင့်အတူ ပို၍ အားထားဂုဏ်ပြုထိုက်သော သုတေသီပညာရှင်များ ပေါ်ထွန်းလာမှာကို မျှော်မှန်းဂုဏ်ယူမိပါကြောင်းဖြင့် အကျယ်တဝင့်ပြောကြားပါသည်။

ထို့နောက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြတ်မြတ်အုန်းခင်က အမှာစကားပြောကြားပြီး ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ ပထမဦးဆုံးညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာဦးမြတူမှ အမှာစကားပြောကြားပါသည်။ ဆက်လက်၍ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ယူကေနိုင်ငံတို့မှ သုတေသီပါမောက္ခများက ဂုဏ်ပြုစကားများကို ပြောကြားကြပါသည်။






ထို့နောက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ဂျပန်နိုင်ငံဟော့ကိုင်းဒိုတက္ကသိုလ်တို့အကြား ကူးစက်ရောဂါနှင့်မကူးစက်တတ်သောရောဂါများသုတေသနပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဇင်သန့်နှင့် ဂျပန်နိုင်ငံ၊ ဟော့ကိုင်းဒိုတက္ကသိုလ်မှ ပါမောက္ခ C Sugimoto တို့က လက်မှတ်ရေးထိုးကြပါသည်။





ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်အခမ်းအနားသို့ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာဖေသက်ခင်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ အငြိမ်းစားသုတေသနပညာရှင်များ၊ ဝန်ထမ်းဟောင်းများနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ စုံလင်စွာတက်ရောက်ကြပါသည်။

ရွှေရတုအထိမ်းအမှတ်အဖြစ် ဇွန်လ ၁၀ရက်နေ့မွန်းလွဲပိုင်းတွင် ပြည်ပသုတေသီပညာရှင်များမှ ပညာရပ်ဆိုင်ရာဟောပြောပွဲများကျင်းပခြင်း၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏အောင်မြင်မှုများကိုဝါရင့်သုတေသီပညာရှင်များမှ တင်ပြကြပါသည်။ ညပိုင်းတွင် Summit Parkview Hotel တွင် ဂုဏ်ပြုညစာစားပွဲ ကျင်းပခဲ့ပါသည်။

ဇွန်လ(၁၁)ရက်နေ့တွင် ကူးစက်ရောဂါဆိုင်ရာဟောပြောပွဲများကျင်းပခြင်း၊ နှစ် (၅၀)ကာလအတွင်း ပြည်တွင်း၊ ပြည်ပသင်တန်းများတွင် ထူးချွန်စွာဆုရရှိခဲ့သောဝန်ထမ်းများကို ဆုချီးမြှင့်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများလဲလှယ်ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးလာရောက်ခြင်း

၂၀၁၃ ခုနှစ် မတ်လ ၂ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်းသည် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကျန်းမာရေးပညာရပ်ဆိုင်ရာဆုချီးမြှင့်ရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဇီဝဆေးပညာသုတေသနအစည်းအဝေးခန်းမ၌တွေ့ဆုံပါသည်။ ထို့သို့တွေ့ဆုံရာတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပါသည်။





## နိုင်ငံ့စွမ်းဆောင်ရည်ဆု ပညာရပ်ဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း

၂၀၁၃ ခုနှစ် မတ်လ ၈ရက် နံနက် ၁၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေး ခန်းမ၌ နိုင်ငံ့စွမ်းဆောင်ရည်ဆု ပညာရပ်ဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ ဒေါက်တာမြင့်သိန်း တက်ရောက်၍လမ်းညွှန်မှာကြားပါသည်။ အစည်း အဝေးသို့ ဖိတ်ကြားထားသောကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပါသည်။





## ငှက်ဖျားရောဂါဆိုင်ရာအမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ဦးစီးကျင်းပသည့် “ငှက်ဖျားရောဂါဆေးဝါးများ၏ အာနိသင် ထိရောက်စိတ်ချရမှုကို စောင့်ကြည့်ထောက်လှမ်းခြင်းဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ”ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့မှ (၈)ရက်နေ့အထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)တွင် ကျင်းပရာ ဆေးသု တေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့် တက်ရောက်၍ အဖွင့် အမှာစကား ပြောကြားပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ ကျန်းမာရေးဦးစီး ဌာန ငှက်ဖျားတိုက်ဖျက်ရေးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ငှက်ဖျား ဆရာဝန်များ၊ ငှက်ဖျားသုတေသနဆောင်ရွက်လျက်ရှိသည့် မြို့နယ်များမှမြို့နယ်ဆရာဝန်များ၊ ငှက်ဖျားသုတေ သနယူနစ် (မင်္ဂလာဒုံ)မှ ငှက်ဖျားသုတေသနဆောင်ရွက်နေသည့် ဆရာဝန်များ စုစုပေါင်း (၆၀)ဦး တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။






အလားတူ **"အဏုကြည့်မှန်ဘီလူးသုံးငှက်ဖျားပိုးစစ်ဆေးရှာဖွေခြင်းဆိုင်ရာအမျိုးသားအဆင့်သင်တန်း"**ကို ၂၀၁၃ခုနှစ် ဧပြီ(၇)ရက်မှ(၁၀)ရက်နေ့အထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(ဘီ)တွင်ကျင်းပရာ ဆေးသုတေ

သနဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ငှက်ဖျားသုတေသနယူနစ်(မင်္ဂလာဒုံ)၊ ငှက်ဖျားသုတေသနဆောင်ရွက်နေသည့် မြို့နယ်ဆေးရုံများမှ ဓာတ်ခွဲမှုးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ငှက်ဖျားစစ်ဆေးဆောင်ရွက်နေသူများ စုစုပေါင်း (၄၈)ဦး စိတ်ပါဝင်စားစွာဖြင့် တက်ရောက်ခဲ့ကြပါသည်။






## ဆေးပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုလက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)နှင့် ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်တို့အကြား ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၂၀၁၃ခုနှစ် ဇွန်လ ၁၈ရက် နံနက် ၁၀နာရီတွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်မှအဖွင့်အမှာစကားပြောကြားပါသည်။

အဆိုပါအခမ်းအနားသို့ချင်းမိုင်တက္ကသိုလ်မှ Asso. Professor Niwes Nantachit ဦးဆောင်သော ဧည့်သည်တော် ၈ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌပါမောက္ခဒေါက်တာကျော်မြင့်နိုင်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများ တက်ရောက်ကြပါသည်။ ထို့နောက်ဧည့်သည်တော်ပါမောက္ခကအမှာစကားဆက်လက်ပြောကြားပါသည်။ ထို့နောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချုပ်တွင် လက်မှတ်ရေးထိုးပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပါသည်။






ဆက်လက်၍ ချင်းမိုင်တက္ကသိုလ်မှတာဝန်ရှိသူတစ်ဦးက ချင်းမိုင်တက္ကသိုလ်အကြောင်းတင်ပြပြီးဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးဒေါက်တာခင်စောအေးမှ ၎င်းဦးစီးဌာနအကြောင်းကိုပြန်လည်ရှင်းလင်းတင်ပြပါသည်။ ထို့နောက်အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

## နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကျင်းပရေးကော်မတီ အစည်းအဝေးများကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများညှိနှိုင်းအစည်းအဝေးကို ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၃၁ရက်၊ မေလ ၆ရက်နှင့် မေလ ၂၂ရက်တို့တွင် ဇီဝဆေးပညာသုတေသနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများသို့ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်၊ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာရဲထွဋ်နှင့် ကော်မတီဝင်များ၊ ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင် ပါမောက္ခဒေါက်တာ ဦးအောင်သန်းဘတူနှင့် ဒေါက်တာဦးကိုကိုတို့တက်ရောက်ခဲ့ကြပါသည်။










အစည်းအဝေးတွင် ကော်မတီအသီးသီးမှ အခမ်းအနားအစီအစဉ်ဆောင်ရွက်ထားရှိမှု၊ အထိမ်းအမှတ် ပြက္ခဒိန် ထုတ်ဝေဖြန့်ချီမှုနှင့် အမှတ်တရပစ္စည်းများပြုလုပ်ရန်စီစဉ်ထားမှု၊ အထိမ်းအမှတ်သစ်ပင်များယာယီစိုက်ပျိုးထား ရှိမှု၊ ရွှေရတုအမှတ်အသား စကျင်ကျောက်တိုင်နေရာချရန် စီစဉ်ထားမှု၊ ရွှေရတုမဂ္ဂဇင်းစာအုပ်အတွက် စာမူများရရှိမှုနှင့် ထုတ်ဝေရန်စီစဉ်ဆောင်ရွက်မှု၊ ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ သမိုင်း မှတ်တမ်းစာအုပ်ထုတ်ဝေရန်စီစဉ်ထားမှု၊ ဘဏ္ဍာရေးအခြေအနေနှင့်ဧည့်ခံကျွေးမွေးရေးအစီအစဉ်များကို တင်ပြ ကြပြီး လမ်းညွှန်မှုခံယူကာ၊ ညှိနှိုင်းဆွေးနွေးကြပါသည်။

# နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း

## "Burnet Institute မှ ပညာရှင်များလာရောက်ခြင်း "

၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ ၈ရက်နေ့ တွင် Australia နိုင်ငံ Burnet Institute မှ Vice chairman Alastair Lucas ဦးဆောင်သော အဖွဲ့ဝင်၅ဦးပါအဖွဲ့သည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများအား ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အထူးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပါသည်။ ထို့နောက် ဧည့်သည်အဖွဲ့သည် အဖွဲ့ဝင် Professor Brenden Crabb ၏ သုတေသန ဟောပြောပွဲသို့ တက်ရောက်ပြီး သုတေသနဌာနခွဲများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။






## "အမေရိကန်ဆေးဝါးဗေဒပညာရှင်လာရောက်လေ့လာခြင်း"

၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက် နေ့တွင် American Society of Pharmacognosy မှ President Professor Geoffrey A. Cordell ဦးဆောင်သော ဧည့်သည်အဖွဲ့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အထူးအစည်းအဝေးခန်းမ၌ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးအဖွဲ့အား လာရောက်တွေ့ဆုံပါသည်။ ထို့နောက် ဇီဝဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ် ဦးဆောင်သော သက်ဆိုင်ရာ သုတေသီပညာရှင်များနှင့် တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။






ထို့နောက်ဧည့်သည် Professor နှင့်အဖွဲ့သည် ဆေးဝါးဗေဒသုတေသနဌာနခွဲနှင့် ဆေးဝါးအဆိပ်ဗေဒသုတေသန ဌာနခွဲများသို့ လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြပါသည်။

## "Professor Okada နှင့် အဖွဲ့လာရောက်ခြင်း"



၂၀၁၃ခုနှစ် မတ်လ ၇ ရက်နေ့ ညနေ ၃း၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ ဂျပန်နိုင်ငံ၊ အိုကာရာမ တက္ကသိုလ်မှ Professor Shigeru Okada နှင့်အဖွဲ့သည် ခေတ္တညွှန်ကြား ရေးမှူးချုပ်ဒေါက်တာမျိုးခင်အား လာရောက်တွေ့ဆုံ၍ သုတေသနဆိုင်ရာများ ဆွေးနွေးခဲ့ပါသည်။

## “IAEA မှ Programme Management Officer လာရောက်ခြင်း”



၂၀၁၃ ခုနှစ် မတ်လ ၇ရက် ညနေ ၄း၃၀နာရီတွင် IAEA မှ Programme Management Officer Ho Seung Lee သည် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်အား ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ လာရောက်တွေ့ဆုံပါသည်။ ထိုသို့တွေ့ဆုံရာတွင် ဆေးဘက်ဆိုင်ရာအဏုမြူသုတေသနဌာနခွဲမှ ဌာနခွဲမှူးဒေါက်တာဒေါ်အေးအေးရီလည်း တက်ရောက်၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

## “နိုင်ငံတကာအဏုမြူအေဂျင်စီ မှ Mr. K. Aning နှင့်အဖွဲ့ လာရောက်ခြင်း”





၂၀၁၃ ခုနှစ် မတ်လ ၂၁ရက် နေ့လည်၁၂နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ဇဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အထူးအစည်းအဝေးခန်းမ၌ နိုင်ငံတကာအဏုမြူအေဂျင်စီမှ Mr. Kwaku Aning, Head of T.C နှင့်အဖွဲ့သည် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူး အဖွဲ့အား လာရောက်တွေ့ဆုံပါသည်။ ထို့နောက်ဧည့်သည် Mr. K. Aning နှင့် အဖွဲ့အားအစည်းအဝေးခန်းမ၌ဆေးဘက်ဆိုင်ရာအဏုမြူသုတေသနဌာနခွဲ၊ ဌာနခွဲမှူးဒေါက်တာအေးအေးရီမှ အဏုမြူသုတေသနဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပါသည်။ ဆက်လက်၍ နိုင်ငံတကာအဏုမြူအေဂျင်စီမှ Mr. K. Aning နှင့်အဖွဲ့သည် ဆေးဘက်ဆိုင်ရာအဏုမြူသုတေသနဌာနခွဲသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပါသည်။

## “ဂျပန်နိုင်ငံ နာဂါဆာကီတက္ကသိုလ်မှ ပညာရှင်များ လာရောက်ခြင်း ”



၂၀၁၃ခုနှစ် မတ်လ ၂၁ရက် မွန်းလွဲ ၂နာရီတွင်ဂျပန်နိုင်ငံနာဂါဆာကီတက္ကသိုလ်မှ Asso. Professor Yoshida Lay Myint ခေါင်းဆောင်သော သုတေသနပညာရှင်အဖွဲ့သည် ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်အား ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ လာရောက်တွေ့ဆုံ၍ သုတေသနဆိုင်ရာ အထောက်အပံ့ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## “ကိုရီးယားသမ္မတနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့လာရောက်ခြင်း”

၂၀၁၃ခုနှစ် မတ်လ ၂၄ရက် ၁၀နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ Korean National Assembly မှ Mr. SHIM Jae Kwon ဦးဆောင်သောအဖွဲ့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးအဖွဲ့အား လာရောက်တွေ့ဆုံပါသည်။ ထို့သို့တွေ့ဆုံရာတွင် KOICA ဌာနေကိုယ်စားလှယ် Mr. SHIN Man Shik နှင့် ကူးစက်ရောဂါသုတေသန ဓာတ်ခွဲခန်း

အဆောက်အဦဆောက်လုပ်ရေးတာဝန်ရှိသူများလည်းတက်ရောက်ကြပါသည်။ ထို့နောက် ဧည့်သည်အဖွဲ့နှင့် အတူ အမှတ်တရဓာတ်ပုံရိုက်ကူး၍ ဆောက်လုပ်ဆဲ ကူးစက်ရောဂါသုတေသနဓာတ်ခွဲခန်းအဆောက်အဦအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။






## “ဂျပန်နိုင်ငံ နာဂါဆာကီတက္ကသိုလ်မှ ပါမောက္ခနှင့်အဖွဲ့အားတွေ့ဆုံခြင်း”



၂၀၁၃ ခုနှစ် ဧပြီလ ၂၉ရက်နေ့ နံနက်၁၀နာရီတွင် ဂျပန်နိုင်ငံ၊ နာဂါဆာကီ တက္ကသိုလ်မှ ပါမောက္ခ Yoshitaka Hishikawa ဦးဆောင်သော ဧည့်သည်အဖွဲ့ သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့် တိုက်ရှိ အထူးအစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ် နှင့် လာရောက်တွေ့ဆုံပါသည်။ ထိုသို့တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာသုတေသီပညာရှင်များနှင့် တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြပါသည်။

## “ယူကေနိုင်ငံအောက်စဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ David Warrell နှင့်အဖွဲ့အားတွေ့ဆုံခြင်း”




၂၀၁၃ ခုနှစ် မေလ ၂ရက်နေ့တွင် ယူကေနိုင်ငံအောက်စဖို့ဒ်တက္ကသိုလ်မှ Professor David Warrell ဦးဆောင်သော ဧည့်သည်အဖွဲ့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အထူးအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဇင်သန့်နှင့် ညွှန်ကြားရေးမှူးအဖွဲ့အား လာရောက်တွေ့ဆုံပါသည်။

ထို့နောက် ဇီဝဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်၊ သက်ဆိုင်ရာသုတေသီပညာရှင်များနှင့် တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

### "နယူးဇီလန်နိုင်ငံ OTAGO University မှ Prof. David R Murdoch နှင့်အဖွဲ့အားတွေ့ဆုံခြင်း"





၂၀၁၃ခုနှစ် မေလ ၈ရက်နေ့တွင် နယူးဇီလန်နိုင်ငံ OTAGO University မှ Prof. David R Murdoch ဦးဆောင်သော ဧည့်သည်အဖွဲ့သည် ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်အား လာရောက်တွေ့ဆုံပါသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်လွင်၊ ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာလိုင်မြတ်သူနှင့် ညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာဇော်မြင့်တို့လည်း တက်ရောက်ကြပါသည်။

### "အမေရိကန်နိုင်ငံ PATH မှ Associate Director လာရောက်ခြင်း"



၂၀၁၃ခုနှစ် မေလ ၁၃ရက်နေ့တွင် အမေရိကန်နိုင်ငံ PATHမှ Associate Director, Professor Vivien Davis Tsu ဦးဆောင်သောဧည့်သည်အဖွဲ့သည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အထူးအစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်လွင်နှင့် ညွှန်ကြားရေးမှူးအဖွဲ့အား လာရောက်တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

### "အမေရိကန်နိုင်ငံ Pittsburgh University မှ ဧည့်သည်ပါမောက္ခအား လက်ခံတွေ့ဆုံခြင်း"



၂၀၁၃ခုနှစ် ဇွန်လ ၁၇ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်သည် အမေရိကန်နိုင်ငံ Pittsburgh University မှ Professor Donald S. Burke, MD အား ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ လက်ခံတွေ့ဆုံပါသည်။ ထိုသို့တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူးများဖြစ်သော ဒေါက်တာခင်သက်ဝေ၊ ဒေါက်တာလိုင်မြတ်သူနှင့် ဒေါက်တာခင်စောအေး တို့လည်း တက်ရောက်ကြပါသည်။

### "ထိုင်းနိုင်ငံ Mahidol-Oxford Tropical Research Unit မှဧည့်သည်ပညာရှင်များ အားတွေ့ဆုံခြင်း"



၂၀၁၃ ခုနှစ် ဇွန်လ ၁၇ရက်နေ့လည်ခနာရီတွင် 3MDG မှ Fund Director, Dr Paul Sender ဦးဆောင်သော ထိုင်းနိုင်ငံ Mahidol-Oxford Tropical Research Unit မှ ဧည့်သည်အဖွဲ့သည် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အထူးအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဇင်သန့်အား လာရောက်တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

# သုတေသနဆိုင်ရာဟောပြောပွဲများကျင်းပခြင်း

## "Global Burden of Disease Study 2010, Profile of Myanmar"

၂၀၁၃ ခုနှစ် ဇွန်လ ၁၄ရက် နံနက်၁၀း၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) လူမှုဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ ပါမောက္ခဒေါက်တာစိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) သည် "Global Burden of Disease Study 2010, Profile of Myanmar" ခေါင်းစဉ်ဖြင့်သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် သဘာပတိအဖြစ် ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဇင်သန့်မှ ဆောင်ရွက်၍ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဆေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များ တက်ရောက်ကြပြီးသိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။





## "Economic-Epidemiological Models to Support Malaria Elimination Strategy Design in Myanmar"

၂၀၁၃ ခုနှစ်ဇွန်လ ၁၇ရက် မွန်းလွဲ ၂နာရီတွင်ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာ စာကြည့်တိုက် Auditorium ခန်းမ၌ ထိုင်းနိုင်ငံ Mahidol-Oxford Tropical Medicine Research Unit မှ Mr. Yoel Lubell, Health Economist, University of Oxford Centre for Tropical Medicine နှင့် Ms. Lisa Jane White, Head of Mathematical and Economic Modeling of Diseases တို့သည် "Economic-epidemiological models to support malaria elimination strategy design in Myanmar" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် သဘာပတိအဖြစ် ညွှန်ကြားရေးမှူးဒေါက်တာခင်သက်ဝေမှ ဆောင်ရွက်၍ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဇင်သန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနမှစိတ်ပါဝင်စားသူသုတေသီပညာရှင်များတက်ရောက်ကြပါသည်။






# (၂၁)ကြိမ်မြောက်ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ (၂၁)ကြိမ်မြောက် ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၀ရက် တန်ခူးလပြည့်ကျော်၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပခဲ့ပါသည်။ ရှေးဦးစွာ ဒုလ္လဘရဟန်းလောင်း (၁၂)ပါးသည် နံနက် ၆နာရီတွင် ဆံချ၊ သင်္ကန်းတောင်း၍ ရှင်သာမဏေပြုပြီးနောက် နံနက်၈နာရီတွင် ရဟန္တာသိမ်တော်ကြီး၌ မူလမင်းကွန်းဆရာတော် ဦးဝိလာသ အမှူးပြု၍ သံဃာတော်များမှ ဥပသမ္ပကံဆောင်ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးပြီး နံနက် ၉း၁၅နာရီ တွင်ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်လွင်အမှူးပြု၍ ဆေးသုတေသနဦးစီးဌာနအရာထမ်း၊ အမှုထမ်း မိသားစုများက သိမ်ဆင်းလောင်းလှူကြပါသည်။











ထို့နောက် နံနက်၉း၃၀နာရီတွင်ဗဟိုဇီဝဆေးပညာစာကြည့်တိုက်အစည်းအဝေးခန်းမ၌ ရေစက်ချတရားတော်နာ အခမ်းအနားကိုကျင်းပရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် မူလမင်းကွန်းကျောင်းတိုက်မှ ပဓာနနာယက ဆရာတော် နှင့် ပင့်သံဃာတော်များကြွရောက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်လွင်နှင့် ညွှန်ကြားရေးမှူးများ၊ (အငြိမ်းစား)ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားဝန်ထမ်း များနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြည်ညိုကြပါသည်။






ရှေးဦးစွာ ဆရာတော်သံဃာတော်များနှင့်ဧည့်ပရိတ်သတ်များက ‘နမောတဿ’သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီးနောက် ဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပါသည်။ ထို့နောက်ဆရာတော်ကြီး ဒုလ္လဘတရားငါးပါး’ တရားတော်ကို ချီးမြှင့်ဟောကြားတော်မူပြီးနောက် မိသားစုဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပါသည်။ ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် (ငြိမ်း)ဒေါက်တာမျိုးခင်မှ ဆရာတော်သံဃာတော်များထံနဝကမ္မအလှူတော်ငွေများလှူဒါန်းရာ ဒုတိယညွှန်ကြား ရေးမှူးချုပ်(ငြိမ်း) ဒေါက်တာရဲထွဋ်မှ လက်ခံရယူပါသည်။ ထို့နောက် ဒေါက်တာရဲထွဋ်မှ ရွှေမိုးငွေမိုးကြဲ၍ ဧည့်ပရိသတ်များက ‘ဗုဒ္ဓသာသနံစိရံတိဋ္ဌတု’ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

ယခုနှစ်(၂၁)ကြိမ်မြောက်ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ်အခမ်းအနားတွင် ဒေါက်တာမောင်မောင်မြ၊ ဦးအေးသာ၊ ဦးခင်မောင်အုန်း၊ ဦးကျော်စိုးမိုး၊ ဦးစန်းမောင်၊ ဦးအောင်ကိုလတ်၊ ဦးသီဟ၊ ဦးလှမျိုးသူ၊ ဦးသောင်းဦး၊ ဦးအောင်မြတ်ဦး၊ ဦးမျိုးမြင့်အောင်၊ ဦးဆင့်သန်းတို့အား ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှင့်၍ ဒေါ်တင်နွယ်ထွေး၊ ဒေါ်သင်းသင်းလှိုင်၊ ဒေါ်သဥ္ဇာမျိုးနှင့် မထက်ထက်ရဲသွေးတို့အား သမိဒ္ဓေါဒယ သုခိတာရာမမြန်အောင်သီလရှင်စာသင်တိုက်တွင် သီလရှင်များအဖြစ် ချီးမြှင့်ပေးနိုင်ခဲ့ပါသည်။

## ဆေးသု(အောက်) မိသားစု အတာသင်္ကြန် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနားကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) မိသားစု အတာသင်္ကြန်နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲအခမ်းအနားကို ၂၀၁၃ခုနှစ် ဧပြီလ ၁၁ရက် (ကြာသပတေးနေ့) တွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက် တိုးချဲ့ဆောင်၌ စည်ကား သိုက်မြိုက်စွာကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာရဲထွဋ်နှင့်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများနှင့်ဌာနခွဲအသီးသီးမှဝန်ထမ်းများစုပေါင်း၍နှစ်သစ်ကူးသင်္ကြန်ပွဲကိုတပျော်တပါးဆင်နွှဲကြပါသည်။











မိသားစုအတာသင်္ကြန်အခမ်းအနားတွင် ရွှေရင်အေးဖြင့်ကျွေးမွေးဧည့်ခံပြီးနောက် ဆက်လက်၍ အရာထမ်း၊ အမှုထမ်းများကသင်္ကြန်ယိမ်းအကများဖြင့်လည်းကောင်း၊ အဆိုအကတွဲဖက်၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ကြည့်ရှုအားပေးသူများမှ ဆုလက်ဆောင်ပန်းကုံးများဖြင့် ချီးမြှင့်ကြပါသည်။ ထို့နောက် ဝန်ထမ်းများနှင့်မိသားစုဝင်များ တပျော်တပါးရေပက်ကစားကြပြီး မိသားစုအတာသင်္ကြန်အခမ်းအနားကိုပါဝင်ဆင်နွှဲကြသူများက “မန်းတောင်ရိပ်ခို”သီချင်းဖြင့် ပျော်ရွှင်စွာစုပေါင်းသီဆိုကခုန်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

## မြန်မာနှစ်ဆန်းအန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပွဲ

၂၀၁၃ ခုနှစ် ဧပြီလ ၁၇ရက် (ဗုဒ္ဓဟူးနေ့) မြန်မာနှစ်ဆန်း ၁ရက်နေ့တွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်တိုးချဲ့ဆောင်၌ အန္တရာယ်ကင်းပရိတ်တော်များရွတ်ဖတ်ပူဇော်ပွဲကိုကျင်းပရာ ဒဂုံပရိယတ္တိစာသင်တိုက်မှ ပင့်သံဃာတော် (၅)ပါး ကြွရောက်တော်မူကြပြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဇင်သန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်လွင်နှင့် ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ဌာနခွဲမှူးများတက်ရောက်၍ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြပါသည်။






ထို့နောက် ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းအစုစုကို ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဇင်သန့်ဦးဆောင်၍ ဆရာကြီးများမှ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

## ၂၀၁၃-၁၄ ပညာသင်နှစ် ဝန်ထမ်းသား/သမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပခြင်း

၂၀၁၃ခုနှစ် ဇွန်လ၁၁ရက်မွန်းလွဲ ၃နာရီခွဲတွင်ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိအစည်းအဝေးခန်းမ၌ ၂၀၁၃-၁၄ ပညာသင်နှစ်အတွက်ဝန်ထမ်းသား/သမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူး(စီမံ)ဒေါက်တာဇော်မြင့်ကဝန်ထမ်းသား/သမီးကျောင်းသား/ကျောင်းသူများအတွက်အထက်တန်းကိုယ်စားလှယ်ဒေါ်နုနုလွင်အား ကျပ် (၂၁၀၀၀၀)၊ အလယ်တန်းကိုယ်စားလှယ်ဒေါ်အေးသီတာဆိုင်အား ကျပ်(၂၆၄၀၀၀)၊ မူလတန်းကိုယ်စားလှယ်ဦးအောင်မြတ်ကျော်အား ကျပ်(၂၀၇၀၀၀)တို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။






## တန်ဖိုးနည်း Simcard များကို ဝန်ထမ်းများအားမဲစနစ်ဖြင့် ရောင်းချပေးခြင်း

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချသော တန်ဖိုးနည်း၁၅၀၀ကျပ်တန် CDMA800MHz Simcard များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ စီစဉ်မှုဖြင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အတွက် ခွဲတမ်းအဖြစ်ရရှိသဖြင့် ၂၀၁၃ ခုနှစ် မေလ၂၁၊ ၂၂ရက်နေ့များတွင်လည်းကောင်း၊ ဇွန်လ၂၅ရက်နေ့တွင်လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ လူမှုဆေးပညာသုတေသနအစည်းအဝေးခန်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင်ဦးစီး၍ အရာထမ်း၊ အမှုထမ်း ၅၀၃ဦးအား မဲစနစ်ဖြင့် ရောင်းချပေးရာ စုစုပေါင်း (၂၂၇)ဦး အထိ တန်ဖိုးနည်းSimcard များ ဝယ်ယူခွင့်ရရှိပြီးဖြစ်ပါသည်။





---

## ဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်း



ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် ၁၉၆၃ခုနှစ်မှ၁၉၉၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဦးကြည်သိန်း၊ အထက်တန်းသုတေသနအရာရှိ(ငြိမ်း) ဆေးဘက်ဆိုင်ရာအဏုဇီဝသုတေသနဌာနခွဲ အသက်(၇၃)နှစ်သည် ၂-၇-၂၀၁၃ (အင်္ဂါနေ့)နံနက်(၀၀း၁၂)နာရီတွင် သင်္ဃန်းကျွန်းမြို့နယ်နေအိမ်တွင်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့်မိသားစုနှင့်ထပ်တူဝမ်းနည်းကြောင်းမှတ်တမ်းတင်အပ်ပါသည်။

*ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)အီလက်ထရောနစ်သတင်းလွှာ အယ်ဒီတာအဖွဲ့မှ ၂၀၁၁ခုနှစ် ဇွန်လမှ စတင်၍ ၄လလျှင် တစ်ကြိမ်ဖြန့်ဝေပါသည်။*